Myanmar Peace Monitor

# Weekly News Review

Issue 102, April 26 - May 2, 2023



# မြန်မာ့အရေးအတွက် ခြေရှုပ်လာသည့် တရုတ်

Cartoon : Lugyimin

# မြန်မာ့အရေးအတွက် ခြေရှုပ်လာသည့် တရုတ်

## နိဒါန်း

ကိုယ်ကျိုးစီးပွားအတွက် ဝါးပင်ကဲ့သို့ ယိမ်းနွဲ့လှုပ်ရှားလေ့ရှိသည့် တရုတ်နဂါးသည် ယခုမေလဆန်းပိုင်းအတွင်း လှုပ်လှုပ်ရှားရှား ဆော့ကစားလာပြီ ဖြစ်သည်။ ထင်မှတ်မထားသော အကွက်အဆန်းများကြောင့် စောင့်ကြည့်လေ့လာသူများအတွက် ရင်သပ်ရှုမောဖွယ်ဖြစ်ခဲ့ရသည်။ သို့သော် ဤသည်မှာ တရုတ်နိုင်ငံခြားရေးဝန်ကြီးအသစ် မစ္စတာချင်ကန်း(Qin Gang)၏ မြန်မာ့အရေးအတွက် ခြေလှမ်းအစနှင့် ဦးတည်ရာကို လှစ်ဟပြသနေခြင်းသာ ဖြစ်ပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor အပတ်စဉ်သတင်းသုံးသပ်ချက်တွင် မြန်မာ့အရေးအတွက် လှုပ်ခတ်ဆော့ကစားလာသော တရုတ်အစိုးရ၏ အကွက်သစ်၊ အကွက်ဆန်းများအား လေ့လာတင်ပြသွားပါမည်။

## သတင်းဖြစ်စဉ်များ

၂၀၂၃ ခုနှစ် မေလ ၁ ရက်တွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာ (Noeleen Heyzer) နှင့် တွေ့ဆုံခဲ့သည့် မစ္စတာချင်ကန်း(Qin Gang)သည် မေလ ၂ ရက်မှ ၄ ရက်အထိ ကြာမြင့်သည့် မြန်မာနိုင်ငံခရီးစဉ်ကို စတင်ခဲ့သည်။

Myanmar Peace Monitor

"မြန်မာ့အရေးဟာ ပြည်တွင်းပြည်ပ အကြောင်းအချက်တွေနဲ့အတူ ရှုပ်ထွေးနက်နဲတာမို့ အမြန်ဖြေရှင်းနိုင်ဖို့ နည်းလမ်းမရှိဘူး" ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးအသစ်က ပြောဆိုခဲ့သည်။ [1]



မေလ ၂ ရက်တွင်တော့ အာဏာသိမ်းစစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ အာဏာသိမ်းစစ်ကောင်စီဘက်တော့ မစ္စတာချင်ကန်း(Qin Gang)၏ ခရီးစဉ်သည် "တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်နေမှုကို ပြသခြင်းဖြစ်ကြောင်း" သတင်းထုတ်ပြန်ဝါဒဖြန့်ခဲ့သည်ကို တွေ့ရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင်မူ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ပံ့ပိုးကူညီလျက်ရှိနေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်အောက်တွင် ကွဲလွဲမှုများကို စနစ်တကျကိုင်တွယ်ဖြေရှင်းပြီး အားလုံးပါဝင်သည့် ရင်ကြားစေ့ရေးရရှိရန်အတွက် နိုင်ငံတကာအနေဖြင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှပါဝင်သင့်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(China-Myanmar Economic Corridor)၏ အဓိက ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်ဟု ဆိုပါသည်။

---

1 Qin Gang Meets with Special Envoy of the United Nations Secretary-General on Myanmar Noeleen Heyzer http://rb.gy/dgbfi

မစ္စတာချင်ကန်း(Qin Gang) သည် မေလ ၂ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ဥက္ကဋ္ဌဟောင်းဖြစ်သူ စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

"တရုတ်-မြန်မာဆက်ဆံရေးဖွံ့ဖြိုးမှုအတွက် ဦးသန်းရွှေရဲ့ အရေးပါတဲ့ပံ့ပိုးမှုတွေအတွက် ကျေးဇူးတင်တယ်"ဟု ၎င်းက ပြောဆိုခဲ့သည်။ [2]

ဆိုရသော် တရုတ်နိုင်ငံခြားရေးဝန်ကြီးအသစ် မစ္စတာချင်ကန်း(Qin Gang)၏ ခရီးစဉ်အတွင်း လှုပ်ရှားဆောင်ရွက်ချက်များသည် အကွက်သစ် အကွက်ဆန်းများ၏ ရုတ်တရက်ရှုမြင်နိုင်သော်လည်း ချဉ်းကပ်မှုနည်းလမ်းများကမူ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဝမ်ရိ(Wang Yi)လက်ထက် အာဆီယံအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးမှုအပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ မျှော်လင့်ချက် (၃) ရပ်ကို ကျော်လွန်ခဲ့ခြင်းမရှိခဲ့ဟု သုံးသပ်ရပါသည်။

တရုတ်နိုင်ငံ၏ မျှော်လင့်ချက် (၃) ရပ်ဟု အစချီထားသည့် ထုတ်ပြန်ချက်တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်များအောက်၌ မြန်မာနိုင်ငံက နိုင်ငံရေးပြန်လည်သင့်မြတ်ရေး စဉ်ဆက်မပြတ် တွန်းအားပေးဖော်ဆောင်ရန်အတွက် တရုတ်နှင့် အာဆီယံ ပူးတွဲလုပ်ဆောင်ရန် မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ် ပြန်လည်စတင်ပြီး တိုင်းပြည်အာဏာကို ပြည်သူများထံ ပြန်လည်အပ်နှင်းရေး မျှော်မှန်းချက် အကောင်အထည်ဖော်ရန်အတွက် တရုတ်နှင့် အာဆီယံအတူတွန်းအားပေးကာ မြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီသော၊ မြန်မာ့ဝိသေသလက္ခဏာဆောင်သော နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ရှာဖွေနိုင်ရန် မျှော်လင့်ကြောင်း၊ အာဆီယံက "အာဆီယံနည်းလမ်း" ကို လက်ကိုင်စွဲ၍ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်မှုမရှိရေး၊ ပေါင်းစပ်ညှိနှိုင်းရေးဟူသော အခြေခံမှုနှင့် အစဉ်အလာများကို ခိုင်မြဲစေကာ တည်တည်ငြိမ်ငြိမ်နှင့် နှောင့်ယှက်မှုများကို ဖယ်ရှားပြီး စိတ်ရှည်လက်ရှည်ညှိနှိုင်းခြင်းဖြင့် အာဆီယံ၏ "တူညီဆန္ဒ ငါးရပ်"five-point consensus ကို အပြုသဘောဆောင်စွာ အကောင်အထည်ဖော်ရင်း အာဆီယံ၏ ပြီးပြည့်စုံသော စည်းလုံးညီညွတ်မှုနှင့် ဦးဆောင်မှု အခန်းကဏ္ဍကို ထိန်းသိမ်းရန် မျှော်လင့်ကြောင်း"ဟူ၍ တွေ့ရပါသည်။ [3]

## ဆက်စပ်သတင်းများ

၂၀၂၃ ခုနှစ် မတ်လတွင် စတင်ခန့်အပ်ခြင်း ခံရသည့် တရုတ်နိုင်ငံခြားရေးဝန်ကြီးအသစ် မစ္စတာချင်ကန်း(Qin Gang) ၏ မြန်မာ့အရေးအတွက် ချဉ်းကပ်ဆောင်ရွက်ချက်များသည် မစ္စတာဝမ်ရိ(Wang Yi)လက်ထက်ကဲ့သို့ ပင် မြန်မာနိုင်ငံအတွင်း တရုတ်အကျိုး

---

2 Qin Gang Meets with Former Chairman of the Myanmar State Peace and Development Council Than Shwe http://rb.gy/5fywk

3 The Steps of China, the ASEAN Special Envoy and the Junta. - Issue 61 (29 June - 6 July 2022) http://rb.gy/v7xhl

စီးပွားများကိုသာ အခြေပြုချဉ်းကပ်မှုများဖြစ်ပါသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းစေလွှတ်ထားသည့် မစ္စတာဆုန်ကော်ချန်း (Mr. Sun Guoxiang) နေရာတွင် မစ္စတာ တိန့်ရှီကျွန်းကို ( Mr. Deng Xijun) ပြောင်းလဲတာဝန်ပေးခြင်းနှင့် မြန်မာနိုင်ငံအတွင်း သက်ရှိထင်ရှားစစ်အာဏာရှင်ဟောင်းများအား ချဉ်းကပ်မှုများကိုသာ ထူးခြားစွာ မြင်တွေ့ရသည်ဟု ဆိုနိုင်ပါသည်။

ယခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများထဲတွင် တရုတ်အစိုးရ၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း (Mr. Deng Xijun) သည် တရုတ် - မြန်မာနယ်စပ်ရှိ မြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ယူနန်ပြည်နယ်အတွင်း ခေါ်ယူကာ တွေ့ဆုံဆွေးနွေးခဲ့သည်။ မစ္စတာတိန့်ရှီကျွန်းသည် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နေပြည်တော်တွင် နှစ်ကြိမ်တွေ့ဆုံဆွေးနွေးမှု ရှိခဲ့သူဖြစ်သည်။ ဧပြီလ ၁၆ ရက်ကလည်း တရုတ်ကွန်မြူနစ်ပါတီ၏ နိုင်ငံတကာဆက်ဆံရေး ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ရှီဘင်း(Peng Xibin) သည် မြန်မာနိုင်ငံသို့ ရုတ်တရက်ရောက်ရှိလာပြီး စစ်အာဏာရှင်ဟောင်း အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် သမ္မတဟောင်း အငြိမ်းစားဗိုလ်ချုပ်သိန်းစိန်တို့အား တိတ်တဆိတ် တွေ့ဆုံဆွေးနွေးမှု ရှိခဲ့သည်ဟု ဆိုပါသည်။ [4]



> တရုတ်အစိုးရ၏ မူမမှန်သော ခြေလှမ်းများကို တည့်မတ်ပေးရန်လည်း အမျိုးသားညီညွတ်ရေး အစိုးရ(NUG) အပါအဝင် နွေဦးတော်လှန်ရေး အင်အားစုတိုင်းတွင် တာဝန်ရှိနေပြီဖြစ်ကြောင်း

ဆိုရသော် တရုတ်အစိုးရ၏ မြန်မာ့အရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများကို လေ့လာကြည့်ပါက စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တော်လှန်နေကြသော မြန်မာပြည်သူလူထု၏အရေးထက် ပိုမိုသော တရုတ်အစိုးရ၏ အကျိုးစီးပွားအတွက် ရတက်မအေးရပုံကို ပိုမိုပြသနေသည်ဟု ရှုမြင်ရပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း ကြေညာကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကို မျှော်ရည်လျှောက်လှမ်းနေကြသည့် နွေဦးတော်လှန်ရေးအင်အားစုများ၏ ဦးတည်ရာသည် တရုတ်အစိုးရအတွက် အမြတ်တစုံတရာမရှိဟု တွက်ဆထားပုံရပါသည်။

ထို့ကြောင့်သာ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)နှင့် နွေဦးတော်လှန်ရေးအင်အားစုများ၏ အခန်းကဏ္ဍကို ပစ်ပယ်ထားပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှ တဆင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ (EROs) အပါအဝင် အာဆီယံနှင့် နိုင်ငံတကာအဝန်းအဝိုင်းတခုကို စည်းရုံးကာ အာဏာသိမ်းစစ်ခေါင်းဆောင် အပါအဝင် မြန်မာစစ်ခေါင်းဆောင်များနှင့် ချဉ်းကပ်တွေ့ဆုံကာ ခြေရှုပ်လာခြင်းဖြစ်သည်ဟု ရှုမြင်မိပါသည်။

## သုံးသပ်တင်ပြချက်

အကျိုးစီးပွားတစ်ခုတည်းကိုသာ တွက်ချက်ချဉ်းကပ်လာခဲ့သည့် တရုတ်အစိုးရ၏ ရွှေ့ကွက်၊ ရွှေ့ကွက်များသည် လက်သင့်ရာ ERO များနှင့် အာဏာသိမ်းစစ်အုပ်စုတစ်ခုတည်းကိုသာ ခါးပိုက်ဆောင်ပြီး ချဉ်းကပ်အဖြေထုတ်လာပါက ယနေ့အချိန်ထိ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆန့်ကျင်တော်လှန်နေဆဲဖြစ်သော နွေဦးတော်လှန်ရေးအင်အားစုများ၏ တုံ့ပြန်လှုပ်ရှားမှုများကို မနေးအမြန်ကြုံတွေ့လာရနိုင်ပါသည်။

ယနေ့မြန်မာ့အကြပ်အတည်း၊ မြန်မာ့အရေးအခင်းအကျင်းနှင့် အနာဂတ်ဦးတည်ရာများသည် ERO တစ်စုတစ်ဖွဲ့ချင်းစီနှင့် အာဏာသိမ်းစစ်အုပ်စုအကြား ဖြစ်ပွားနေသည့် ပြည်တွင်းစစ်အကြပ်အတည်း မဟုတ်တော့ပေ။ ERO များ၊ နိုင်ငံရေးပါတီများ အားလုံးပါဝင်ခြင်းမဟုတ်သည့်တိုင် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) စုဖွဲ့မှုနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့၏ အုပ်စီးထားနိုင်မှုသည် တရုတ်အစိုးရ၏ အကျိုးစီးပွားအတွက် တွက်ချရာတွင် မဖြစ်မနေထည့်သွင်းရမည့် အကြောင်းအချက်များဖြစ်လာနေသည်ကို သတိပြုရပါမည်။ ထို့အပြင် NUG ထိန်းချုပ်မှုအောက်တွင် ရောက်ရှိမနေသေးသည့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) များ၏ အခန်းကဏ္ဍသည်လည်း တရုတ်အစိုးရအနေဖြင့် သတိပြုရပေလိမ့်မည်။

အထွေထွေအကြပ်အတည်းဖြင့် ရင်ဆိုင်နေရသည့် အာဏာသိမ်းစစ်အုပ်စု၏ အရှေ့ အယိမ်းသည် ယူကရိန်း ကျူးကျော်စစ် ဆင်နွှဲနေသော ရုရှားအစိုးရဘက် ဦးတည်နေခြင်း ကြောင့် ထာဝရခါးပိုက်ဆောင်ခွင့် ပျက်ယွင်းသွားမည့်အရေးအတွက် ဦးစားပေးတွက်ချက် ကာ အကွက်သစ် အကွက်ဆန်းထွင်ပြီး ချဉ်းကပ်လာနေသည့် တရုတ်အစိုးရ၏ ရွှေ့ကွက်၊ ရွှေ့ကွက်များကို နွေဦးတော်လှန်ရေးအင်အားစုများအနေဖြင့် သတိထားစောင့်ကြည့်ရပေ လိမ့်မည်။ တပြိုင်နက်တည်းတွင်လည်း တရုတ်အစိုးရ၏ မှုမမှန်သော ခြေလှမ်းများကို တည့်မတ်ပေးရန်လည်း အမျိုးသားညီညွတ်ရေးအစိုးရ(NUG) အပါအဝင် နွေဦးတော် လှန်ရေးအင်အားစုတိုင်းတွင် တာဝန်ရှိနေပြီဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

စစ်အာဏာသိမ်းကာလအတွင်း အရပ်သားပြည်သူများအပေါ် ကျူးလွန်သော အာဏာ သိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များ၊ ဖမ်းဆီးသတ်ဖြတ်မှုများ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် လေကြောင်းမှ ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုများအတွက် မြန်မာပြည်သူ လူထု၏ တရားမျှတမှုရရှိရေးနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည် ဆောက်ရေးဆိုသည့် အာဂျန်ဒါမျိုး တရုတ်အစိုးရ၏ အကျိုးစီးပွားတွင် ပါဝင်နေလိမ့်မည် မဟုတ်ပေ။

# Weekly HighLight Quote



“

ညီမတို့ မိန်းမသားတွေက
ဒီလိုမျိုးယောက်ျားလေးတွေနဲ့
တခြားသူတွေနဲ့
ရင်ဘောင်တန်းနိုင်ဖို့ရာအတွက်
ညီမတို့လုပ်နိုင်တာတစ်ခုထက်ကျော်လွန်ပြီး
ကြိုးစားပြီးတော့မှ လုပ်ရမှာပါ။
အဲ့ဒါမှသာ တခြားသူတွေ၊
ယောက်ျားတွေနဲ့ ရင်ဘောင်တန်းပြီး
နေနိုင်မှာ ဖြစ်တယ်။ အဲ့ဒါကြောင့်
မဖြစ်နိုင်ဘူးဆိုတာ မတွေးပါနဲ့။
ဖြစ်နိုင်တာတစ်ခုထက် ကျော်လွန်ပြီးလုပ်ပါ။
ညီမတို့မိန်းမသားတွေကမှ ပျော့ညံ့တယ်ဆိုပြီး
ထင်နေတဲ့လူတွေရဲ့စိတ်တွေကိုလည်း
ရိုက်ချိုးပြလိုက်ပါလို့ပဲ
သတင်းစကားပါးချင်ပါတယ်

”

**ရဲမေရေချယ်**


- ကွန်မန်ဒိုကင်းထောက်နှင့်
  ဆက်သွယ်ရေးတာဝန်ခံ

(တော်ဝင်ဒေါင်းစစ်ကြောင်း)

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ


BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဧပြီလ ၂၆ ရက် မှ မေလ  ၂ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြ ဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၃၀ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၈ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်း တင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၃၀ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း





စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
ဧပြီ ၂၆ - မေ ၂ -၂၀၂၃
၁၃၄
စစ်ကောင်စီတပ်သားသေဆုံးမှု
၁၄
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၃၆
အရပ်သားသေဆုံးမှု
55
50
45
40
35
30
25
20
15
10
5
0
၉
၁၇
၂၉
၁
၂၆
၂
၂
၂၄
၁၇
၃
၁၆
၂
၁
၇
၂
၆
၁
၅
၄
၄
၄
၂
စစ်ကိုင်း
မန္တလေး
ချင်း
မွန်
ရှမ်း
ကယား
တနင်္သာရီ
မကွေး
ပဲခူး
ကချင်
ရန်ကုန်
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား





၁၃၀၈၀
စစ်ဘေးရှောင်အရေအတွက် (ဧပြီ ၂၆ – မေ ၂ –၂၀၂၃)
၈၀
၁၃၀၀၀
ကချင်
စစ်ကိုင်း

# စစ်ကိုင်းတိုင်း


စစ်ကောင်စီတပ်သည် စစ်ကိုင်းမြို့နယ် ရွာမကျေးရွာအတွင်းသို့ ဧပြီလ ၃၀ ရက်က လက်နက်ကြီး၊ လက်နက်ငယ်များရမ်းသမ်းပစ်ခတ်ပြီး ဝင်ရောက်လာခြင်းကြောင့် ဒေသခံ ၇ ဦး ထိမှန်သေဆုံးခဲ့ပြီး၊ ဒေသခံအချို့ကို ရွာဘုန်းကြီးကျောင်းအတွင်း ဖမ်းဆီးချုပ်နှောင်ထားကြောင်း သိရပါသည်။ [1]

ဧပြီလ ၂၈ ရက်တွင် ကန့်ဘလူမြို့နယ်၊ ရေရှင်ကျေးရွာအုပ်စုအတွင်းရှိ တရော်ကိုင်းကျေးရွာကို စစ်ကောင်စီတပ်မှ ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ထိုစစ်ကြောင်းသည် ဧပြီလ ၂၇ ရက်တွင်လည်း မလည်တိုက်နယ်အတွင်းရှိ စကျင်ကျေးရွာသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ဝင်ရောက်ခဲ့ပြီး ဒေသခံပြည်သူ ၁၀ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ [2]

ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာကို စစ်ကောင်စီတပ်အင်အား ၁၀၀ ကျော်သည် ဧပြီလ ၂၆ ရက် ညနေက လက်နက်ကြီး၊ လက်နက်ငယ်များ ပစ်ခတ်ပြီး ဝင်ရောက်စီးနင်းခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ စစ်ကောင်စီတပ်၏ စစ်ကြောင်းထိုးမီးရှို့ဖျက်ဆီးခြင်းကြောင့် တပင်ကောင်းကျေးရွာမှ အိမ်ခြေ ၂၅လုံး၊ ကံကြီးကုန်းကျေးရွာမှ အိမ်ခြေ ၅လုံးနှင့် မြို့သစ်ကျေးရွာမှ အိမ်ခြေ ၄၅၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ [3]




ကလေး၊ ဘုတလင်၊ ဖန်းမောက်၊ ဟုမ္မလင်း၊ ဝက်လက်၊ မုံရွာနှင့် ယင်းမာပင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၆ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မုံရွာနှင့် ကနီမြို့နယ်များတွင် စစ်ကောင်စီတပ် တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၂၆ ရက် နှင့် ၂၇ ရက်နေ့က ကောလင်းမြို့နယ်အရှေ့ပိုင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၉ ဦး စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ခင်ဦး၊ ဝက်လက်နှင့် စစ်ကိုင်းမြို့နယ်များမှ ဒေသခံ ပြည်သူ ၁၆ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၂၉ ရက်နေ့က ဘုတလင်မြို့နယ်၊ သားရိုးကုန်းရွာတွင် ကလေးငယ် ၁ ဦး မိုင်းနင်းမိပြီး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်မှ လူနေအိမ်များကို မီးရှို့၍ လက်နက်ကြီးဖြင့် ပစ်ခတ် စစ်ကြောင်းထိုးလာသောကြောင့် ခင်ဦး၊ ကလေးနှင့် ဆားလင်းကြီးမြို့နယ်များမှ ဒေသခံပြည်သူ ၁၃၀၀၀ ကျော် ဘေးလွတ်ရာတိမ်းရှောင်နေရသည်။





1 ရွာမကျေးရွာမှ ဒေသခံ ၇ ဦးဖမ်းဆီး ဖမ်းဆီးသတ်ဖြတ်ခံရ https://tinyurl.com/2kq4tobw

2 ကန့်ဘလူ၊ တရော်ကိုင်းရွာကို စစ်တပ်မီးရှို့ဖျက်ဆီး၊အရပ်သား ၁၀ ဦးကို ဖမ်းဆီးထား https://tinyurl.com/2ljut5es

3 ခင်ဦးမြို့နယ် အလယ်လျှိုရွာကို စစ်တပ်က ဒုတိယအကြိမ်မီးရှို့နေ https://tinyurl.com/2lcy8tlm

# ကချင်ပြည်နယ်




မံစီ၊ ဗန်းမော်နှင့် ဖားကန့်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့က မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာတွင် စစ်ကောင်စီသတင်းပေး ကိုသားငယ်ဆိုသူသည် အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဧပြီလ ၂၈ ရက်နေ့က ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာအုပ်စု တာစန့်ကျေးရွာမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သည့် ဦးဇီးလုနူးသည် အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မော်ဘုံ (မဒဲန်ယန်) ရွာမှ ဒေသခံ နှစ်ရာနီးပါးကို စစ်ကောင်စီတပ်က ဖမ်းဆီးပြီး ရိုက်နှက် စစ်ဆေးရာ ဒေသခံ အမျိုးသား ၁ ဦးမဆွပ်ယန် အကျဉ်းထောင် အတွင်း ရိုက်နှက်စစ်ဆေးခံရရင်း သေဆုံးသွားကြောင်း ဧပြီလ ၃၀ ရက်နေ့မှ သိရသည်။ ထို့အပြင် မေလ ၁ ရက်နေ့က ဖားကန့်မြို့၊ မရိုကထောင်ရပ်ကွက် ကျောက်စိမ်းတောင် တံတားအနီးမှာ ကိုအောင်ကျော်ဦးဆိုသူကို စစ်ကောင်စီတပ်က ဖမ်းဆီးနှိပ်စက်ပြီး သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ဧပြီလ ၂၆ ရက်နေ့မှ စတင်ကာ ဗန်းမော်မြို့နယ်အတွင်း နှစ်ဖက်တိုက်ပွဲများကြောင့် ဒေသခံ ၈၀ ဝန်းကျင်ခန့် ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင်နေရသည်။

စစ်ကောင်စီတပ်သားများ ဖမ်းဆီးခဲ့သည့် ဖားကန့်မြို့နယ် မော်ဘုံ (မဒဲန်ယန်)ကျေးရွာမှ ဒေသခံ ၂၀၀ခန့်အနက် ရေမဆေးကျောက်ရှာဖွေသူ အသက် ၃၀ အရွယ် ကိုထွယ်အောင်ဆိုသူအား စစ်ကောင်စီတပ်သားများမှ မဆွပ်ယန်အကျဉ်းထောင်အတွင်း ရိုက်နှက်စစ်ဆေးစဉ် လက်လွန်၍ သေဆုံးခဲ့ပါသည်။ ဧပြီလ ၂၆ ရက်တွင် စစ်ကောင်စီတပ်သည် ကျေးရွာအတွင်းဝင်ရောက်စီးနင်းခဲ့ပြီး ဒေသခံ ၂၀၀ ခန့်ကို ဖမ်းဆီးခဲ့ကာ ဒေသခံ ၅၀ ခန့်ကို ခံဝန်ကတိဖြင့် ပြန်လည်လွှတ်ပေးခဲ့သော်လည်း အယောက် ၁၀၀ ကျော်အား ဆက်လက်ဖမ်းဆီးထားခဲ့ပါသည်။ သေဆုံးသူ ကိုထွယ်အောင် အပါအဝင်ဖမ်းဆီးခံထားရသူများအား စစ်ကောင်စီတပ်မှ မဆွပ်ယန်အကျဉ်းထောင်အတွင်း တစ်ယောက်ချင်းစီ လက်ပြန်ကြိုးတုပ်ထားကာ ကချင်လွတ်မြောက်ရေးတပ်မတော် KIA၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF များနှင့် ဆက်နွယ်မှု၊ ထောက်ပံ့မှုများနှင့်ပတ်သက်ပြီး ရိုက်နှက်စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ [4]


ဧပြီလ ၂၆ ရက်မှ စတင်ကာ ဗန်းမော်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် KIA တို့အကြား တိုက်ပွဲများဖြစ်ပွားနေပြီး ခဲမနိုင်၊ နမ့်သဲနှင့် မံစီမြို့နယ် နမ့်အူကြီး စသည့် ကျေးရွာ ၃ ရွာမှ ဒေသခံ ၈၀ ဝန်းကျင်သည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ အဆိုပါ စစ်ရှောင်များထဲတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အများဆုံးပါဝင်နေသည့်အတွက် ဆေးဝါးအပါအဝင် အရေးပေါ် အကူအညီများ လိုအပ်နေကြောင်း သိရပါသည်။ [5]




4 ဖားကန့်ဒေသခံတစ်ဦး စစ်ကြောရေးမှာ သေဆုံး၊ လူတစ်ရာကျော် ပြန်မလွတ်သေး https://tinyurl.com/2fdr6nm8

5 ဗန်းမော်တွင် ကျေးရွာ ၃ ရွာမှ စစ်ရှောင်ပြည်သူများအတွက် စစ်ရှောင်အကူအညီများ အရေးပေါ်လိုအပ်နေ https://tinyurl.com/2fmskheu


# မကွေးတိုင်း




အထက်မင်းလှမြို့နယ်နှင့် မင်းတုန်းမြို့နယ်အစပ်ရှိ ကျေးရွာများကို စစ်ကောင်စီတပ်မှ စစ်ကြောင်း ၃ ကြောင်းထိုးကာ ဝင်ရောက်မွှေနှောက်ခဲ့ပြီး ရေရင်အရှိချင်းကျေးရွာမှ အိမ်ခြေ ၁၈လုံးကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ယင်းသို့ စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုးလာခြင်းကြောင့် ပရဆိုင်ရွာ၊ တောင်ဖီလာ၊ ချောင်းသာ၊ ရေရင်၊ ငရုပ်ကောင်း (တောင်ရွာ၊ မြောက်ရွာ)၊ သရက်ချဉ် (အထက်၊ အလယ်၊ အောက်)၊ ညောင်ပိုင်းနှင့် ကျောက်စီ ကျေးရွာများမှ ဒေသခံပြည်သူ ၁,၀၀၀ နီးပါးခန့်သည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရစဉ် စစ်ကောင်စီတပ်သားများသည် ကျေးရွာများအတွင်း ဒေသခံနေအိမ်များကို ဂင်ရောက်မွှေနှောက်ပြီး ပြည်သူတွေပိုင် ငွေကြေးနှင့် ပစ္စည်းဥစ္စာများကို ခိုးယူကာ အိမ်မွေးတိရစ္ဆာန်များကိုလည်း သတ်ဖြတ်စားသောက်ခဲ့ကြပါသည်။ [6]

ရေစကြိုမြို့နယ်အတွင်းမှ ဒေသကာကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်သော Southern YSO PDF မှ ရဲဘော်များသည် ရိက္ခာပြတ်လပ်နေပြီး စားသောက်ရေးအတွက် ပြည်သူလူထု၏ အကူအညီများ လိုအပ်နေကြောင်း သိရပါသည်။ ပြည်သူလူထု၏ ကူညီထောက်ပံ့ငွေများကို တိုက်ပွဲများဖော်ဆောင်ရာတွင် လက်နက်နှင့် တိုက်ခိုက်ရေးလိုအပ်ချက်မှားအတွက် အဓိကဖြည့်ဆည်းအသုံးပြုနေရခြင်းကြောင့် အဖွဲ့အတွက် စားနပ်ရိက္ခာပြတ်လပ်နေပြီး ပထမဆုံးအကြိမ်အဖြစ် အကူညီတောင်းခံခြင်းဖြစ်ပါသည်။ [7]

ရေစကြို နှင့် ပေါက်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ပေါက် နှင့် ရေစကြို မြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၂၉ ရက်နေ့က ပခုက္ကူမြို့နယ်၊ ကမ္မမြို့ကို ရေပန့်လာပြင်သည့် ရဲတပ်သားချင်းလေးဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။




6 ရေစကြိုတွင် စစ်ကောင်စီတပ် တိုက်ခိုက်ခံရ၊ အထက်မင်းလှမြို့နယ် အရှိချင်းရွာကို စစ်တပ်က မီးရှို့ဖျက်ဆီး https://tinyurl.com/2yayuxw8

7 ရေစကြိုတောင်ပိုင်းက PDF ရဲဘော်များ စားနပ်ရိက္ခာ ပြတ်လပ်နေသဖြင့် အကူအညီတောင်းခံ https://tinyurl.com/26rogute


# မန္တလေးတိုင်း

မြင်းခြံမြို့၊ အမှတ်(၆) လေးအိမ်တန်းရွာ၊ ရွှေညောင်ပင်ဘုန်ကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သည် ခရီးသွားပြည်သူများကို ဂိတ်ကြေးကောက်ခံခြင်းနှင့် ရိုက်နှက်ခြင်းများပြုလုပ်သည့်အပြင် မျိုးစုံဒုက္ခပေးနေခြင်းကြောင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ ဧပြီလ ၂၉ ရက်တွင် တိုက်ခိုက်ခဲ့ရာ အရာရှိတစ်ဦးအပါအဝင် ရှစ်ဦး သေဆုံးခဲ့ပါသည်။ [8]

မေလ ၁ ရက်တွင် အမရပူရမြို့မရဲစခန်း လိုင်းခန်းအတွင်း ရဲဝန်ထမ်းစာရေးမ၏ နေအိမ်အနီး ၄၀ မမ ပုံးသီးကျရောက်ပေါက်ကွဲပြီး အသက် ၆ နှစ်အရွယ်ယောက်ျားလေးတစ်ဦး ဦးခေါင်း ထိခိုက်ဒဏ်ရာဖြင့် သေဆုံးခဲ့ကာ မိသားစုဝင်အမျိုးသမီး ၄ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ [9]




မြင်းခြံနှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၈ ဦး သေဆုံးခဲ့သည်။ မေလ ၂ ရက်နေ့က ကျောက်ပန်းတောင်းမြို့နယ်ရှိ ပွေးကျစ်ရဲစခန်းကို ပြည်သူ့ကာ ကွယ်ရေးတပ်က ဝင်ရောက် တိုက်ခိုက်ရာတွင် ရဲနှစ်ဦး သေဆုံးခဲ့သည်။ ထို့အပြင် သပိတ်ကျင်းနှင့် နွားထိုးကြီး မြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဖြင့်တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၆ ဦး သေဆုံးခဲ့သည်။ မေလ ၁ ရက်နေ့က အမရပူရမြို့မရဲစခန်း လိုင်းခန်းအတွင်း ၄၀ မမ ပုံးသီးကျရောက်ပေါက်ကွဲပြီး ရဲဝန်ထမ်းစာရေးမ၏ အသက် ၆ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။




8 မြင်းခြံတွင် ဘုန်ကြီးကျောင်း၌တပ်စွဲထားသည့် စစ်ကောင်စီတပ် တိုက်ခိုက်ခံရ၊ အရာရှိအပါအဝင် ၈ ဦး သေဆုံး https://tinyurl.com/2ejfk7cr

9 အမရပူရရဲစခန်း လိုင်းခန်းအတွင်း ပုံးသီးကျရောက်ပေါက်ကွဲ၊ ကလေး ၁ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရာရဟုဆို https://tinyurl.com/2r3qapk3



# ကရင်ပြည်နယ်

ဧပြီလ ၂၈ ရက်တွင် မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာအနီးရှိ ကျောက်တောင်ဒေသအနီးတဝိုက်အား စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် ဆက်တိုက် ပစ်ခတ်နေခဲ့သည်မှာ အလုံး ၂၀ ကျော်ခန့်ရှိခဲ့ကြောင်း၊ စစ်ကောင်စီတပ်သည် အရပ်သားများနေထိုင်ရာဒေသများကို ယခုကဲ့သို့ လက်နက်ကြီးများ အသုံးပြုတိုက်ခိုက်နေခြင်းကြောင့် မြို့ခံများနှင့် စစ်ဘေးတိမ်းရှောင်နေကြရသူများမှာ စိုးရိမ်ထိတ်လန့်နေကြရပါသည်။ [10]


တောင်ငူ-သံတောင်ကားလမ်းပေါ်ရှိ စစ်ကောင်စီတပ် ဂိတ်စခန်းများတွင် လမ်းသွားလမ်းလာ ဆိုင်ကယ်များကို တားမြစ်စစ်ဆေးခြင်းနှင့် ဒေသခံများ၏ ဖုန်းများကို စစ်ဆေးရှာဖွေခြင်းများ လုပ်ဆောင်ပြီး ဖမ်းဆီးနေကြောင်း သိရပါသည်။ ယင်းသို့ စစ်ဆေးပြီးနောက် ဧပြီလ ၂၇ ရက်တွင် လူငယ်နှစ်ဦးအားဖမ်းဆီးခဲ့ပြီး၊ မေလ ၁ ရက်တွင် သံတောင်ဆေးရုံလမ်းတွင် ပြောက်ကြား ဦးထုပ် ဆောင်း၍ ဆိုင်ကယ်မောင်းနှင်လာသူ လူငယ်တစ်ဦးအား စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။ [11]

---

10 မဲကနယ်၊ ကျောက်တောင်ဒေသအား စစ်ကောင်စီ လက်နက်ကြီးအင်အားသုံးပစ်နေ၍ ဒေသခံများ ထိန့်လန့်နေ https://tinyurl.com/2nm65ku8

11 တောင်ငူ-သံတောင်လမ်းတွင် စစ်ကောင်စီက စစ်ဆေးရေးများပိုမိုတင်းကြပ်ထားပြီး အဖမ်းအဆီးများရှိနေ https://tinyurl.com/2oax7qzt


# ပဲခူးတိုင်း




ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာအနီးတစ်ဝိုက်ကို မေလ ၂ ရက်က စစ်ကောင်စီ၏ တောင်ငူလေတပ်မှ ဂျက်ဖိုက်တာနှစ်စီး၊ ရဟတ်ယာဉ်တစ်စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ဘုမ္မတီးကျေးရွာ၊ ကျွဲလမ်းကျေးရွာနှင့် သရက်တန်းကျေးရွာများတွင် ကျရောက်ပေါက်ကွဲခဲ့ပါပြီး ဒေသခံ ၃ ဦး သေဆုံးခဲ့ကာ ၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပါသည်။ သေဆုံးသူများတွင် ဘုမ္မတီးရွာမှ လင်မယား နှစ်ဦးနှင့်၊ ကျွဲလမ်းရွာမှ အသက် ၂၀ ကျော်အရွယ် အမျိုးသမီးငယ်တစ်ဦးတို့ ပါဝင်ခဲ့ပါသည်။ [12]

ဧပြီလ ၂၇ ရက်တွင် ညောင်ခါးရှည်နယ်မြေ ရဲစခန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့အား ဒေသခံကာကွယ်ရေးတပ်ဖွဲ့များမှ နန်းထိုက်အောင် စစ်ဆင်ရေးအဖြစ် ဝင်ရောက်ပစ်ခတ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဝေါမြို့နယ်-ပကဖ က ဧပြီလ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သော်လည်း စစ်ကောင်စီတပ်သည် ယင်းပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဝေါမြို့နယ်၊ ဝင်းကဒတ်ကျေးရွာမှ အပြစ်မဲ့ ဒေသခံ ၂၀ ဦးအား ဖမ်းဆီးခဲ့ပြီး ဘုရားကြီးစစ်ကြောရေးစခန်းသို့ ပို့ဆောင်ခဲ့ပါသည်။ [13]


ဝေါ နှင့် အုတ်ဖိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မေလ ၂ ရက်နေ့က ထန်းတပင်မြို့နယ်၊ ဘုမ္မတီးကျေးရွာအနီး စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သောကြောင့် ဒေသခံ ပြည်သူ ၃ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့က ကညွတ်ကွင်းမြို့၊ တောင်ဂုံးတဲ ကျေးရွာအနီးတွင် ကညွတ်ကွင်းမြို့ လျှပ်စစ်မှူး ကျော်စံလင်းဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။




12 ထန်းတပင်မြို့နယ်အတွင်း လေကြောင်းတိုက်ခိုက်ခံရပြီး ဒေသခံ ၃ ဦးသေဆုံး https://tinyurl.com/2mm8uvzf

13 ညောင်ခါးရှည်ရဲစခန်းတိုက်ခိုက်ခံရပြီးနောက် ဒေသခံ ၂၀ ဦးထက်မနည်း စစ်ကောင်စီဖမ်းဆီး https://tinyurl.com/2ojngz68

# ရှမ်း (သျှမ်း) ပြည်နယ်




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း


၀ - ၀

၀ - ၁

ဧပြီလ ၂၉ ရက်၊ နံနက်ပိုင်းတွင် နောင်ချိုမြို့နယ်၊ နောင်ခဲရွာတွင် ဒေသခံ အမျိုးသား ၅ ဦးတို့သည် ကြံစိုက်ခင်း သွားကြည့်စဉ် မြေမြှုပ်မိုင်း နင်းမိ၍ ထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။ မြေမြှုပ်မိုင်းနင်းမိသူများတွင် အသက် ၄၃ နှစ်အရွယ် စိုင်းစုနှင့် အသက် ၄၇ နှစ်အရွယ် စိုင်းကျော်ထွန်းတို့သည် ခြေထောက်တွင် ပြင်းထန်ဒဏ်ရာများရရှိခဲ့ပြီး၊ စိုင်းပစိန် အသက် ၂၆ နှစ်၊ စိုင်းဆန်ဝန်း အသက် ၂၅ နှစ် နှင့် စိုင်းဆန်ကျောင်း ၂၄ နှစ်တို့တွင်လည်း ထိခိုက်ဒဏ်ရာအသီးသီးရရှိခဲ့ကြပါသည်။ [14]

စစ်ကောင်စီတပ်မှ တပ်စွဲနေထိုင်ခဲ့သော ပင်လောင်းမြို့နယ်၊ လယ်ခြားကျေးရွာအတွင်း ဧပြီလ ၂၆ ရက်က KNDF/BO 11 တပ်ဖွဲ့ နှင့် ပူးပေါင်းတပ်ဖွဲ့တို့မှ နယ်မြေရှင်းလင်းရေး ပြုလုပ်စဉ် ဂိုဒေါင်အတွင်း သေဆုံးနေသော အမျိုးသားအလောင်း တစ်လောင်း တွေ့ရှိခဲ့ကြပါသည်။ ၎င်းအမည်မသိ အမျိုးသား၏ ရုပ်အလောင်းမှာ လက်ပြန်ကြိုးတုပ်ထားခံရပြီး၊ ရက်စက်စွာ သတ်ဖြတ်ခံထားရကြောင်း သိရပါသည်။ [15]


ဧပြီလ ၂၆ ရက်နေ့က ဖယ်ခုံမြို့နယ်၊ ညောင်ဝိုင်းရပ်ကွက်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ ဦး ကျဆုံးခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့က မူဆယ်မြို့နယ် မင်းထိပ်ခေါင် လက်ဖက်ရည်ဆိုင်တွင် စားသောက်နေသည့် လုံထိန်းပြည်သူ့စစ် အဖွဲ့ဝင် တစ်ဦးသည် အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဧပြီလ ၂၆ ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်တွင် စစ်ကောင်စီတပ်၏ ပုံးကြဲ တိုက်ခိုက်မှုကြောင့် ဒေသခံတစ်ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဖယ်ခုံနှင့် ပင်လောင်း မြို့နယ်များတွင် သတ်ဖြတ်ခံထားရသည့် အမျိုးသား ရုပ်အလောင်း ၂ လောင်းတွေ့ ရှိခဲ့ပါသည်။




14 တစ်ရက်တည်း နောင်ချို ဒေသခံ ၅ ဦး မြေမြှုပ်မိုင်း နင်းမိ https://tinyurl.com/2qfhh5ld

15 ပင်လောင်းမြို့နယ်အတွင်း အရပ်သား သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းတွေ့ရှိ https://tinyurl.com/2lyakuq6


# ကရင်နီ (ကယား) ပြည်နယ်




ဧပြီလ ၂၇ ရက်တွင် ဒီးမော့ဆိုအနောက်ဘက်ခြမ်းရှိ ဒေသခံများ နေထိုင်နေရာများကို စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲခြင်းကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ စစ်ကောင်စီတပ်သည် အဆိုပါဒေသတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းဖြင့် ဗုံးကြဲခဲ့သည့်အပြင် လက်နက်ကြီး ၁၀ လုံးခန့်လည်း အဆက်မပြတ်ပစ်ခတ်ခဲ့ကြောင်းသိရပါသည်။ [16]

လွိုင်ကော်-ရန်ကုန်ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များဖြစ်သော ရွှေကန္ဒရီ၊ ရွှေရာဇာနှင့် သိန်းသန်းကုဋေ ယာဉ်လိုင်းတို့သည် ဧပြီလ ၂၆ ရက်က လွိုင်ကော် – မိုးဗြဲ နယ်စပ်ဖြစ်သော ကုန်းသာကျေးရွာနှင့် ဝါရီကောခူ ကျေးရွာအရောက်တွင် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ခရီးသည်များထိခိုက်မှုမရှိသော်လည်း ကားမှန်များပျက်စီးခဲ့ပါသည်။ အဆိုပါနေရာတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် ကားများပြန်လှည့်ချိန်တွင် ပစ်ခတ်ခံရခြင်းဖြစ်ပါသည်။ [17]


မေလ ၂ ရက်နေ့က ဘောလခဲမြို့အတွင်းရှိ စစ်ကောင်စီတပ်မှ နေရာယူထားသည့် စစ်မှုထမ်းဟောင်းရုံး၊ လ.ဝ.ကရုံး၊ မြို့မရဲစခန်း၊ ရပ်\သံ လွှင့်ဌာနတို့ကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ ၇ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့က စစ်ကောင်စီတပ်သည် ဒီးမော့ဆိုအနောက်ဘက်ခြမ်းတစ်နေရာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဒေသခံ ၁ ဦး သေဆုံးခဲ့သည်။




16 ဒီးမော့ဆိုအနောက်ဘက်ခြမ်းတစ်နေရာမှာ လေယာဉ်နဲ့ဗုံးကျဲခံရပြီး လူထိခိုက်သေဆုံးမှုရှိ https://tinyurl.com/24fkdxs2

17 လွိုင်ကော် – မိုးဗြဲ နယ်စပ်မှာ ခရီးသည်တင်ယာဉ် ၃ စီး ပစ်ခတ်ခံရ https://tinyurl.com/2d7psz8f


# တနင်္သာရီတိုင်း




ဧပြီလ ၃၀ ရက်၊ နံနက်ပိုင်းက မြန်မာ-ထိုင်းနယ်စပ် တနင်္သာရီမြို့နယ် မောတောင်ဒေသ အမှတ်(၈)ကျေးရွာရှိ ကွမ်းသီးခြံ တစ်ခုတွင် သားအမိ နှစ်ဦးအား အမည်အသိအဖွဲ့တစ်ခုက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်းသိရပါသည်။ ပစ်ခတ်မှုဖြစ်ခဲ့သော ၎င်းကျေးရွာသည် မောတောင်မြို့နှင့် ၁၅ မိုင်ခန့်ဝေးကွာပြီး မောတောင်လမ်းပိုင်းတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် စစ်ကောင်စီတပ်တို့အကြား မကြာခဏ ထိတွေ့ တိုက်ပွဲများလည်း ဖြစ်ပွားလျှက်ရှိနေပါသည်။ [18]

ပုလောမြို့နယ်အတွင်း စစ်ကောင်စီတပ်စစ်ဆေးရေးဂိတ်များ၏ ကန့်သတ်ပိတ်ဆို့ရှာဖွေမှုများကြောင့် ဆန်နှင့်ဆီအပါဝင် အခြေခံစားသောက်ကုန်များကို ကျေးရွာများသို့ သယ်ယူရန် ခက်ခဲနေပြီး၊ ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရပါသည်။ စစ်ကောင်စီတပ်သည် ပုလောမြို့နယ်အတွင်း ရိက္ခာသယ်ယူရာတွင် ရပ်ကွက်နှင့်အုပ်ချုပ်ရေးမှူးတို့၏ထောက်ခံချက်ပါမှ ဆန် ၁၀ ပြည်ဝယ်ခွင့်ပြုထားပြီး ပိုမိုသယ်ဆောင်ပါက အရေးယူခံရကြောင်း သိရပါသည်။ [19]


မေလ ၂ ရက်နေ့က ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့ရှိ စရဖရုံးကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့မှ ဝင်ရောက် တိုက်ခိုက်ခဲ့ရာ ပျူစောထီးခေါင်းဆောင် ဦးကျော်သန်းဆိုသူ သေဆုံးခဲ့သည်။ ဧပြီလ ၂၆ ရက်နေ့က တနင်္သာရီမြို့နယ်၊ သဲဖြူရွာအနီးတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်မှ ဗိုလ်ကြီး အပါအဝင် ငါးဦးမိုင်းထိမှန် သေဆုံးခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့က တနင်္သာရီမြို့နယ်၊ မောတောင်ဒေသ အမှတ်(၈)ကျေးရွာရှိ ကွမ်းသီးခြံ တစ်ခုတွင် သားအမိနှစ်ဦး အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။




18 တနင်္သာရီမြို့နယ် မောတောင်တွင် သားအမိ ၂ ဦး ပစ်သတ်ခံရ https://tinyurl.com/2o8w7ovk

19 ပုလောမြို့နယ်တွင် စစ်ကောင်စီက ရိက္ခာသယ်ယူခွင့်ကန့်သက်ထားခြင်းကြောင့် ကျေးရွာများတွင် ရိက္ခာ ပြတ်လပ်နေ https://tinyurl.com/2jqdxzhl


# မွန်ပြည်နယ်




ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများ အနေဖြင့် စစ်ကောင်စီလက်အောက်ခံ လက်နက်ကိုင်အဖွဲ့အစည်းများ၊ စစ်ကောင်စီတပ်စွဲထားသည့် နေရာများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ စစ်ကောင်စီလက်အောက်ခံ ဝန်ထမ်းများ၊ သတင်းပေးများနှင့် ဝေးဝေးနေကြရန် ကျိုက်ထိုတော်လှန်ရေးအင်အားစု (KRF) မှ မေလ ၁ ရက်တွင် အသိပေးချက် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းတို့အနေဖြင့် မေလ ၁ရက်မှ စတင်ကာ စစ်ရေးအရှိန် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သောကြောင့် စစ်ကောင်စီတပ်မှ ကျိုက်ထိုမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၄၃ ခုတွင် ခရီးသွားများအပါအဝင် ဒေသခံများအား နားခိုရန် ခွင့်ပြုပေးထားသည့် တည်းခိုခန်းများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များအနီးတွင် မနေကြရန်နှင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်အား KRF အနေဖြင့် တာဝန်ယူမည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ [20]

ဘီးလင်းမြို့နယ်၊ လေးကေကျေးရွာမှ စစ်ဘေးရှောင်ပြည်သူများသည် နေထိုင်စားသောက်ရေးအပြင် ဆေးဝါးလိုအပ်ချက် အခက်အခဲများ ရှိနေပါသည်။ စစ်ကောင်စီတပ်၏ လေးကေကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် အိမ်ခြေ ၅၀၀ကျော်၊ လူဦးရေ ၃၀၀၀နီးပါးသည် ဥယျာဉ်ခြံနှင့် တော်တောင်များတွင် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ [21]

ဘီးလင်း၊ ပေါင်နှင့် သံဖြူဇရပ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၅ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၂၉ ရက်နေ့က ဘီးလင်းမြို့နယ်၊ သပြေနီကျေးရွာတွင် စစ်ကောင်စီဂိတ်စခန်းအား ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။




20 ကျိုက်ထိုတွင် စစ်ရေးအရှိန်မြှင့်မည်ဖြစ်၍ စစ်ကောင်စီဒေါက်တိုင်များနှင့် ဝေးဝေးနေကြရန် KRF သတိပေး https://tinyurl.com/2lceq4lg

21 ဘီးလင်းစစ်ဘေးရှောင် ၇,၀၀၀ ကျော် နေထိုင်စားသောက်ရေးနှင့် ဆေးဝါးများ လိုအပ်နေ https://tinyurl.com/257nxet4



# ဧရာဝတီတိုင်း

ကျောင်းကုန်းမြို့နယ် မြို့မရဲစခန်းတွင် အချုပ်သား ၈ ဦးသည် ဧပြီ ၂၆ ရက်က အချုပ်ခန်းကိုဖောက်ပြီး ထွက်ပြေးခဲ့ကြောင်းသိရပါသည်။ အချုပ်ခန်းဖောက်ပြေးသူများမှာ ကျောင်းကုန်းမြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်နေရသူများဖြစ်သော ကျောင်းကုန်းမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာနှစ်ရွာမှ အမျိုးသား ၅ ဦးအပါအဝင် ကော့မှူးမြို့နယ် သမင်ကျေးရွာမှ တစ်ဦးနှင့် ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာမှ ၂ ဦးတို့ ပါဝင်ကြောင်း၊ လက်ရှိတွင် စစ်ကောင်စီတပ်သားများသည် ကျောင်းကုန်းမြို့အဝင်ဂိတ်နှင့်ကျေးရွာများတွင် လိုက်လံရှာဖွေနေပြီး၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ထွက်ပြေးသူများ၏ မှတ်တမ်းများကို ပေးပို့ထားကြောင်း သိရပါသည်။ [22]

မေလ ၁ရက်တွင် ဧရာဝတီလင်းပိုင်(မော်ကျွန်း)၊ မော်ကျွန်းမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့နှင့် ဘိုကလေးလင်းပိုင်အဖွဲ့တို့သည် မော်လမြိုင်ကျွန်းမြို့နယ်၊ မြတ်သာရွာမရဲစခန်းအား လက်နက်ကြီး ဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ရဲစခန်းပင်မအဆောက်အဦးထိမှန်ခဲ့ပါသည်။ [23]

22 ကျောင်းကုန်းမြို့မရဲစခန်း အချုပ်ခန်းဖောက်ပြီး အချုပ်သား ၈ ဦး ထွက်ပြေး https://tinyurl.com/2c8sgahn

23 မော်လမြိုင်ကျွန်းမြို့နယ် မြတ်သာရွာမရဲစခန်းအား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ဟုဆို https://tinyurl.com/2zbfp76x



# ရန်ကုန်တိုင်း

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ရူပဗေဒအထူးပြု ဘွဲ့ရ ကျောင်းသား ကိုဗညားစိုးထက်အား စစ်ကောင်စီတပ်လက်အောက်ခံ အင်းစိန်ထောင် အထူးတရားရုံးမှ ဧပြီလ ၂၈ ရက်က အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ - ညဖြင့် ထောင်ဒဏ် ၁၀ နှစ် ထပ်မံချမှတ်ခဲ့ပြီး၊ စုစုပေါင်း ထောင်ဒဏ် ၈၄ နှစ်အထိ ချမှတ်ခံထားရပြီးဖြစ်ပါသည်။ ၎င်းအား စစ်ကောင်စီပိုင် Mytel ရုံးချုပ် အထွေထွေမန်နေဂျာ ဦးသိန်းအောင်အား လုပ်ကြံသတ်ဖြတ်မှုနှင့် လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်းရှိ ကုန်စုံဆိုင်ပိုင်ရှင် လင်မယားနှစ်ဦးကို သေနတ်ဖြင့်ပစ်သတ်ရာတွင် ပါဝင်သည်ဟု စွပ်စွဲကာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလက ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ [24]

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်တွင် ဧပြီလ ၂၉ ရက်က အငြိမ်းစားဗိုလ်မှူး ဦးရဲမင်းသန်း သေနတ်ဖြင့် ပစ်သတ်ခံရပြီးနောက် အသက်မပြည့်သေးသော ကလေး၂ ဦးနှင့် အမျိုးသမီး ၂ ဦးအပါအဝင် ရပ်ကွက်နေပြည်သူ ၈ ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့အား စစ်ကောင်စီတပ်မှ နေအိမ်များကို ညှော်စာရင်းဝင်စစ်ချိန်တွင် ဖုန်းများကိုပါ စစ်ဆေးပြီး ဖမ်းဆီးသွားခြင်းဖြစ်ကာ၊ ၁၃ နှစ်အရွယ် ကလေးနှစ်ဦး၊ သက်ကြီးပိုင်းအမျိုးသမီးနှစ်ဦးနှင့် သက်လတ်ပိုင်းအမျိုးသား ၄ ဦး ပါဝင်ခဲ့ပါသည်။ [25]

ဧပြီလ ၂၉ ရက်နေ့က ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်တွင် နေအိမ်အပြင်ဘက်သို့ ထွက်လာသော အငြိမ်းစား ဗိုလ်မှူးဟောင်း ရဲမင်းသန်းဆိုသူသည် အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ထို့အပြင် မေလ ၁ ရက်နေ့က လှိုင်သာယာ အမှတ် (၃) ရပ်ကွက်၏ ရာအိမ်မှူးဖြစ်သူ ဦးသက်ပိုင်ဆိုသူသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် နတ်ရှင်နောင်လမ်းထိပ်တွင် အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။




24 တက္ကသိုလ်ကျောင်းသား ကိုဗညားစိုးထက် ထောင် ၁၀ နှစ်ထပ်ချခံရ၊ စုစုပေါင်း ၈၄ နှစ်ရှိလာ https://tinyurl.com/2hdddy2n

25 ဗဟန်းမှာ အငြိမ်းစားဗိုလ်မှူး ပစ်သတ်ခံရပြီးနောက် ပြည်သူ ရှစ်ဦး ဖမ်းဆီးခံထားရ https://tinyurl.com/2hq963ps



# ရခိုင်ပြည်နယ်


ကျောက်တော်မြို့နယ်၊ ဝါးတောင်စစ်ဘေးရှောင်စခန်းမှ အိမ်ထောင်စု ၆၀ ကျော်သည် ယခုနေထိုင်နေကြသည့် စခန်းမြေနေရာအား ဆက်လက်ငှားရမ်း၍ မရတော့သဖြင့် စခန်းပြောင်းရွှေ့နေကြရပြီး နေရာအခက်အခဲနှင့်ရင်ဆိုင်နေရကြောင်း သိရပါသည်။ ဂါးတောင်စစ်ဘေးရှောင်စခန်းသည် ဒေသခံရွာသား၂ ဦး၏ လယ်မြေများကို ငှားရမ်းတည်ဆောက်ထားခြင်းဖြစ်ပြီး၊ ယခုအခါတွင် မြေပိုင်ရှင်တစ်ဦးက မြေမငှားတော့ခြင်းကြောင့် ဂါးတောင်စခန်းနှင့် ၂ မိုင်ခန့်ဝေးသော တောင်မင်းကုလားစစ်ရှောင်စခန်းသို့ ပြောင်းရွှေ့နေကြရပါသည်။ [26]

စစ်တွေမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်ရှိ မွတ်ဆလင်ဒုက္ခသည်စခန်း (၄) ခုတွင် နေအိမ်အမိုးအကာ ၂၉၂ ခုကို ပြန်လည်တည်ဆောက်ပေးခဲ့ကြောင်းကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR ) မှ ဧပြီလ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ထို့သို့ဆောင်ရွက်ပေးခြင်းကြောင့် မိသားစု ၂၆၀၀ ခန့်သည်  ဘေးကင်းလုံခြုံစွာနေထိုင်နိုင်မည်ဖြစ်ကြောင်း၊ UNHCR အနေဖြင့် မွတ်ဆလင်ဒုက္ခသည်စခန်းများသို့ နေအိမ်အမိုးအကာများအပါအဝင် မီးဖိုချောင်သုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်းသိရပါသည်။ [27]

---

26 မြေနေရာငှားမရသဖြင့် ကျောက်တော် စစ်ဘေးရှောင်များ အခက်အခဲဖြစ်နေ https://tinyurl.com/2erp2v2d

27 မြေနေရာငှားမရသဖြင့် ကျောက်တော် စစ်ဘေးရှောင်များ အခက်အခဲဖြစ်နေ https://tinyurl.com/2erp2v2d





# ချင်းပြည်နယ်

ချင်းကာကွယ်ရေးတပ်ဖွဲ့(ကန်ပက်လက်)မှ ရဲဘော်နှစ်ဦးသည် မိုင်းပြုလုပ်နေစဉ် မတော်တဆပေါက်ကွဲမှုကြောင့် ကျဆုံးခဲ့ပြီး နောက်ထပ် ရဲဘော် ၃ ဦးလည်း အပြင်းအထန်ဒဏ်ရာများရရှိခဲ့ကြပါသည်။ ဧပြီ ၂၈ ရက်တွင် CDF – Kanpetlet တပ်မဟာ၏ တပ်ရင်း (၃) တူမီးတပ်ရင်းတွင် မိုင်းများပြုလုပ်နေစဉ် မတော်တဆပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး၊ ကျဆုံးသူရဲဘော်များမှာ ဆလိုင်းရှီလောနှင့် မောင်အောင်ရဲလင်းတို့ဖြစ်ကြပါသည်။ [28]

မင်းတပ်မြို့နယ်အတွင်း ငှက်များအသိုက်ဆောက်ချိန်၊ သားပေါက်ချိန်ကာလဖြစ်သည့် မေလမှ ဇူလိုင်လအထိ ငှက်ပစ်အမဲလိုက်ခြင်းကို ၃ လ တားမြစ်ကြောင်း မင်းတပ်မြို့ ပြည်သူ့အုပ် ချုပ်ရေးအဖွဲ့မှ ဧပြီလ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ လက်ရှိတွင် မင်းတပ်မြို့နယ်အတွင်း စစ်ကောင်စီတပ်မှ ဖြတ်လေးဖြတ်လုပ်ဆောင်ထားခြင်းကြောင့် ဒေသခံများမှာ အာဟာရမသိမ်းခင်ကထက် ပို၍ တောင်ယာခုတ်ခြင်းနှင့် အမဲလိုက်ခြင်းတို့ကိုလုပ်ဆောင်နေကြရပြီး၊ မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေကြရကြောင်း သိရပါသည်။ [29]

ထန်တလန်၊ ကန်ပက်လက်နှင့် ဟားခါးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂၄ ဦး ကျဆုံးခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့က ထန်တလန်မြို့နယ်၊ တလန်လိုကျေးရွာကို စစ်ကောင်စီက တိုက်လေယာဉ်ဖြင့် ပုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား ပြည်သူ ၂ ဦးသေဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၂၈ ရက်နေ့က မိုင်းပြုလုပ်နေစဉ် မတော်တဆ ပေါက်ကွဲမှုကြောင့် ချင်းကာကွယ်ရေးတပ်ဖွဲ့(ကန်ပက်လက်)မှ ရဲဘော်နှစ်ဦးကျဆုံးပြီး သုံးဦးအပြင်းအထန်ဒဏ်ရာရရှိခဲ့သည်။




28 မိုင်းမတော်တဆပေါက်ကွဲပြီး CDF – Kanpetlet မှ ရဲဘော် ၂ ဦး ကျဆုံး https://tinyurl.com/2k6ck2vn

29 မင်းတပ်မြို့နယ်အတွင်း ငှက်ပစ်အမဲလိုက်ခြင်း ၃ လ တားမြစ် https://tinyurl.com/2lsc7lcd

# နိုင်ငံတကာ စာမျက်နှာ



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း နေပြည်တော်တွင် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သော The Elders အဖွဲ့၏ ဒုဥက္ကဋ္ဌဖြစ်သူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းသည် ဧပြီလ ၂၇ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ နိုင်ငံခြားရေး ဒုဝန်ကြီး ဦးမိုးဇော်ဦးနှင့် အွန်လိုင်းပေါ်မှ တဆင့် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံမှုတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ အဓိကထားဆွေးနွေးခဲ့ပြီး မြန်မာ့အရေးတွင် ရှေ့ဆက်လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း၊ မစ္စတာဘန်ကီမွန်းက မြန်မာ့အရေးတွင် NUG အပြင် အခြားအစုအဖွဲ့အားလုံး၏ အခန်းကဏ္ဍ အရေးပါကြောင်း ပြောဆိုခဲ့ပြီး၊ ဦးမိုးဇော်ဦးကလည်း မစ္စတာဘန်ကီမွန်း၏ မြန်မာပြည်ခရီးစဉ်ကို စစ်ကောင်စီအနေဖြင့် ၎င်းတို့၏ အကျိုးအတွက် အသုံးချမည်ကို စိုးရိမ်ကြောင်း ပြောဆိုခဲ့ပါသည်။ နှစ်ဖက်တွေ့ဆုံမှုအား မြန်မာအရေးတွင် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးတစ်ရပ် တည်ဆောက်သွားမည်ဆိုသည့် သဘောတူညီချက်နှင့်အတူ အဆုံးသတ်ခဲ့ကြောင်း NUG မှ ထုတ်ပြန်ခဲ့ပါသည်။

> G7 ညီလာခံကို အိမ်ရှင်အဖြစ်ကျင်းပမည့် ဂျပန်နိုင်ငံအနေဖြင့်လည်း ယူကရိန်းကျူးကျော်မှုနှင့် ပတ်သက်၍ ရုရှားအပေါ် လုပ်ဆောင်ခဲ့သည့်အတိုင်း မြန်မာအပေါ် ဒဏ်ခတ်ပိတ်ဆို့သင့်ကြောင်း ပြောဆိုခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ တွမ်အင်ဒရူးက ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင် ယခုလအတွင်း ကျင်းပသွားမည့် G7 ခေါ် စက်မှုထိပ်သီးနိုင်ငံညီလာခံတွင် ခေါင်းဆောင်များအနေဖြင့် မြန်မာစစ်ကောင်စီတပ်အပေါ် ပြင်းထန်သည့် အရေးယူဒဏ်ခတ်ပိတ်ဆို့ခြင်းများ ချမှတ်ကြရန် ဧပြီလ ၂၈ ရက်က တိုက်တွန်းထားပါသည်။ G7 ညီလာခံကို အိမ်ရှင်အဖြစ် ကျင်းပမည့် ဂျပန်နိုင်ငံအနေဖြင့်လည်း ယူကရိန်း ကျူးကျော်မှုနှင့်ပတ်သက်၍ ရုရှားအပေါ် လုပ်ဆောင်ခဲ့သည့်အတိုင်း မြန်မာအပေါ် ဒဏ်ခတ်ပိတ်ဆို့သင့်ကြောင်း ပြောဆိုခဲ့ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် သောမတ်စ်အင်ဒရူးကလည်း မြန်မာစစ်ကောင်စီတပ်အတွက် လေ့ကျင့်သင်ကြားပေးနေသည့် စီမံကိန်းကိုလည်း ဂျပန်နိုင်ငံအနေဖြင့် ချက်ချင်းရပ်တန့်သင့်ပြီး ၎င်းသည် နိုင်ငံစစ်တပ်၏ ပုံရိပ်ကို ညှိုးနွမ်းစေလိမ့်မည်ဟု သတိပေးပြောဆိုထားပါသည်။

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာရှတိုက်တွင် အန္တရာယ်အကြီးမားဆုံး ထိပ်ဆုံး ၄ နိုင်ငံတွင် ပါရှိကြောင်း Global Peace Index ကမ္ဘာ့ငြိမ်းချမ်းရေးညွှန်းကိန်းတွင် ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံကဲ့သို့ အာရှတိုက်က အန္တရာယ်ကြီးမားသည့် နိုင်ငံများတွင် ဖိနှိပ်သော အာဏာရှင်ရှိပြီး စစ်ပွဲ၊ ပြည်တွင်းစစ်၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး မှောင်ခိုမှု၊ လူကုန်ကူးမှု၊ နိုင်ငံရေး မတည်ငြိမ်မှု၊ ပြန်ပေးဆွဲမှုနှင့် တရားလက်လွတ်ဖမ်းဆီးမှု အစရှိသည့်များ ရှိနေကြကြောင်း ဖော်ပြထားပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI ၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**